ကျီနီချောင်ကျေးရွာအုပ်စု၊ အိုးဝကျေးရွာ

ခရမ်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

အိုးဝကျေးရွာ၊ ကျီနီချောင်ကျေးရွာအုပ်စု၊ ခရမ်းမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (     ) ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၂ | ၃ |
| ၂ | ကျေးရွာ၏ သယံဇာတပြမြေပုံ | ၄ | ၄ |
| ၃ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | ၅ | ၅ |
| ၄ | ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၆ | ၆ |
| အပိုင်း(၁)<br>ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | | | |
| ၆ | တည်နေရာနှင့် ပထဝီအနေအထား | ၇ | ၇ |
| ၇ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ | ၇ |
| ၈ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ | ၈ |
| ၉ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၈ | ၈ |
| | (က) သီးနှံစိုက်ပျိုးရေး | ၈ | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ | ၉ |
| | (ဂ) ငါးလုပ်ငန်း | ၉ | ၉ |
| | (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၉ | ၉ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၉ | ၉ |
| ၁၀ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ | ၁၀ |
| ၁၁ | ပညာရေး | ၁၀ | ၁၀ |
| ၁၂ | ကျန်းမာရေး | ၁၀ | ၁၁ |
| ၁၃ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ | ၁၁ |
| ၁၄ | ကျား-မရေးရာ | ၁၁ | ၁၂ |
| ၁၅ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၂ | ၁၃ |
| အပိုင်း (၂)<br>စီမံချက်ဆိုင်ရာအချက်အလက်များ | | | |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၄ | ၁၄ |
| ၁၇ | စီမံချက်ဆိုင်ရာ အချက်အလက်များ | ၁၅ | ၁၇ |
| နောက်ဆက်တွဲများ | | | |
| ၁၈ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၈ | ၇၃ |
| ၁၉ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၇၄ | ၇၅ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများ အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်တတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့**ပါသည်။** ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အိုးဝကျေးရွာ၊ကျီနီချောင်ကျေးရွာအုပ်စု
ခရမ်းမြို့နယ်

## အိုးဝကျေးရွာ၊ ခရမ်းမြို့နယ်၊ သယံဇာတပြမြေပုံ



အိုးဝကျေးရွာ၊ ခရမ်းမြို့နယ်၊  အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

အိုးဝကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျိုက်ချောင်ကျေးရွာ အုပ်စု တွင်တည်ရှိပြီး ခရမ်း-အိုးဝ-သစ်ဝန်တန်း လမ်းမကြီးဘေးတွင် တည်ရှိပြီး လယ်မြေ (၁၇၅၀) ဧကခန့် ကျယ်ဝန်း၍ အိမ်ခြေ(၃၀၂) အိမ်နှင့်လူဦးရေ( ၁၅၉၉)ဦး နေထိုင်စားသောက်ကြပါသည်။

ဗုဒ္ဓဘာသာအား ရွာလုံးကျွတ်ကိုးကွယ်ဆည်းကပ်ကာ လယ်လုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။အနီးဆုံးဈေးကွက်မှာ ခရမ်းမြို့ဈေးဖြစ်ပြီး ခရမ်းမြို့သို့ ဆိုင်ကယ် နှင့် မော်တော်ကားများဖြင့် သွားရောက်ရောင်းဝယ်ရ၍ ကုန်းလမ်း မိုင်(၉) မိုင်ခန့် ကွာဝေး ပါသည်။

ကျေးရွာ၏အရှေ့ဘက်တွင်ကံသာကျေးရွာ၊ တောင်ဘက်တွင် ကျိုက်ချောင်ကျေးရွာ၊ အနောက်ဘက် တွင်တာပွန်ကန်ကျေးရွာနှင့် မြောက်ဘက်တွင် ချမ်းသာကြီးကျေးရွာတို့နှင့် နယ်နိမိတ် ချင်းထိစပ်လျှက်ရှိပါသည်။

မြေပြန့်ဒေသဖြစ်၍ မိုးစပါးနှင့်မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ဖရဲ၊ ရာသီသီးနှံများစိုက်ပျိုး အောင်မြင်ပြီး မွေးမြူရေးလုပ်ငန်းများဖြင့် ရှာဖွေစားသောက်သူ အများအပြား ရှိပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ရာသီဥတုမှာမေလ**(၁၅)**ရက်မှအောက်တိုဘာလ၊ နိုဝင်ဘာလအထိမိုးများ၍ စွတ်စိုသောရာသီဥတုကြောင့် လယ်မြေများတွင် မိုးစပါးအား သက်လတ်၊သက်ကြီးစပါးမျိုးများ စိုက်ပျိုးကြ၍ နုံန်းတင်မြေနု ဒေသဖြစ်သောကြောင့် မြေဆီမြေနှစ်ကောင်းမွန်ပြီး တစ်ဧကလျှင်ပျမ်းမျှ**(၅၀)** တင်း နှုန်းထွက်ရှိပါသည်။ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အိုးဝကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့**၊** ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ဘာသာရေးဆိုင်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများလည်း ရှိပြီး " B,N,K Capital "နှင့် " J.B " ကဲ့သို့သော ချေးငွေဆိုင်ရာအသင်းအဖွဲ့များလည်းရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထား သည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်

မြို့နယ် ကျေးလက် ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာန ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ **၆.၇**%သည် အဆင်ပြေသောအိမ်ထောင်စု၊ ၂၁ **%**သည် အလယ်အလတ်အိမ်ထောင်စု၊ ၇၀ %သည် ဆင်းရဲ သောအိမ်ထောင်စုနှင့် ၂.၃**%သည်** အလွန်ဆင်းရဲသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြ သည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက ထားလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲ ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ် မရှိခြင်းကြောင့် မိုးရာသီကာလတွင်သာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင် ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုး သီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့် အတင့်ကောင်းသည်ဟု ပြောနိုင်**ပါ**သည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေသြဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်း များကြောင့် အမြတ် ရရှိမှုနည်းပါးပါသည်။ လယ်သမားများမှာ မိုးစပါး နှင့်ပဲတီစိမ်း စိုက်ပျိုးကြပြီး၊ မွေးမြူရေး လုပ်ကိုင်ကြသောမိသားစုများသည် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲ များမွေးမြူ လုပ်ကိုင် ကြပါသည်။ အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများ တွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြား ဒေသများသို့ စိုက်ပျိုးရေး၊ဆောက် လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။အရင်းအနှီးမရှိသော မိသားစုများမှာ ကျပန်းလုပ်ငန်းများဖြစ်သော လယ်ယာ လုပ်သား လုပ်ခြင်း၊ ရန်ကုန်မြို့သို့ သွားရောက် လုပ်ကိုင် စားသောက်ခြင်းများ ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

အိုးဝကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်းကို တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၃၀)စုမှ ကောင်ရေ(၁၀၂) မွေးမြူထားကြပါသည်။ အခြားသော တိရစ္ဆာန် မွေးမြူရေး အနေဖြင့် ကျွဲ၊ ဝက်၊ ကြက် မွေးမြူမှုအနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှု မရှိခြင်း၊ ဈေးကွက် လက်လှမ်းမီမှုမရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာ များမရှိခြင်းနှင့် စားကျက်မြေနှင့် တိရစ္ဆာန်အစာများရှားပါးခြင်းတို့ကြောင့် မွေးမြူရေး လုပ်ငန်းများ

ဆောင်ရွက်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာခြင်းနှင့် မွေးမြူရေးဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး မရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ်လုပ်ကိုင်မှု မရှိသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

အိုးဝကျေးရွာတွင် ရေနှင့် လယ်ယာမြေများနည်းပါးခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် အဆင်မပြေနိုင်ပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

အိုးဝကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၂၀၀၀ဝိ/ကျပ် မှ ၂၅၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၈၀၀၀မှ ၁၅၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ **(၁၀၀၀၀)**မှ**(၁၈၀၀၀)**ကျပ်အထိ ရရှိကြပါသည်။ ယာဉ်၊စက်ကိရိယာပြင်ဆင်သူများသည်စက်ပစ္စည်းအမျိုးအစားပေါ်မူတည်၍ (၂၀၀၀၀) မှ(၃၀၀၀၀)ကျပ် အထိကုန်ကျရပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ် ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်ရှော့)ပြင် သင်တန်းစသော အသက်မွေးဝမ်းကျောင်း သင်တန်းများတတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါးပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

အိုးဝကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ မိုးရာသီချေးငွေ၊နွေရာသီချေးငွေ၊ကာလတိုချေးငွေများရရှိပြီး မွေးမြူရေးလုပ်ငန်းနှင့် ဘောက်သမားအများစုသည် မြစိမ်းရောင်ချေးငွေ ၊ ပြင်ပပုဂ္ဂလိက ချေးငွေများရရှိပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအား အလုံ အလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း အတွက် အရေး ပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေမျိုးများ ထံတွင် ချေးယူရပြီး တစ်လ လျှင် အတိုးနှုန်း **(၅)**ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။

**(၅)** အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကျေးရွာတွင် အ.ထ.က ခွဲ အိုးဝ စာသင်ကျောင်းရှိပြီး ကျေးရွာစာကြည့်တိုက်လည်းရှိပါသည်။ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ် အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ဖြစ်သော်လည်း ငွေကြေး မတတ်နိုင်သည့် အိမ်ထောင်စု

များအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက် လိုင်း အတန့်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သား များအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်း အားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင် ရွက်တတ်ကြပါသည်။

(၆) ပညာရေး

အိုးဝကျေးရွာသည် အထက်တန်းကျောင်းခွဲရှိသဖြင့် ပညာသင်ကြားရာတွင်အဆင်ပြေကြပါ သည်။ကျေးရွာတွင်လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၂၀၂)ဦး၊ အလယ် တန်း (၆၁)ဦး နှင့် အထက်တန်း(၁၅)ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် ကျေးရွာ လူဦးရေး၏ မူလတန်းအဆင့် (၆၇%) ၊ အလယ်တန်းအဆင့်(၁၇%)ဦး၊ အထက်တန်းအဆင့်(၈%)ဦး နှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၄%)ရှိပြီး စာမတတ်သူ(၄%)ရှိပါသည်။ ရွာသူရွာသားများအား လုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင်ပညာရေးနှင့်ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျီနီချောင် ကျေးရွာသို့ သွားရောက်ကြရပြီး အရေးပေါ်ကိစ္စရပ်များအတွက် ကျီနီချောင်တိုက်နယ်ဆေးရုံနှင့် ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက်ပေးမှုများ ရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် ကန်ရေနှင့်တွင်းရေကို သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ် ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင် ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထား သဖြင့် ကျောင်းသူ/ သားများအတွက် အသုံးပြုရ လွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက် ခတ်ခြင်းများရှိသော်လည်းနာဂစ် မုန်တိုင်းတိုက်ခတ်ပြီးနောက် ဆိုးရွားသောဖြစ်စဉ်များ မရှိတော့ပါ။ ကျေးရွာဖြစ်၍နေအိမ်များကွာဝေးခြင်း ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းမရှိပါ။ ကျေးရွာတွင် စပါး၊ ပဲ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှု များပြား လာခြင်း၊ ဓါတုဓာတ်မြေသြဇာ များ သုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး

ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများ ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ကျေးရွာနှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးကိစ္စများ၊ဘာသာရေး၊သာရေး၊နာရေး ကိစ္စများ အားလုံးတွင် ကျားမခွဲခြားမှုမရှိဘဲ တန်းတူညီမျှဆောင်ရွက်ကြပါသည်။ ယနေ့ခေတ်တွင်ကျေးရွာများ၌အမျိုးသမီး အများ စုဦးဆောင်လာသည်ကိုတွေ့မြင်ရပါသည်။ အိုးဝကျေးရွာ၏ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်း များတွင် အမျိုးသမီးပါဝင်မှု(၃၃%)ထိရှိပြီး အမျိုးသားများ ထက် စွမ်းဆောင်ရည် ကောင်းမွန်သော သူများလည်းရှိပါသည်။ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ် လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အိုးဝကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါ သည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်

သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | စီမံချက်အမည် | ဦးစား ပေး အဆင့် | ၂၀၂၄ ၂၀၂၅ | ၂၀၂၅ ၂၀၂၆ | ၂၀၂၆ ၂၀၂၇ | ၂၀၂၇ ၂၀၂၈ | ၂၀၂၈ ၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁ | **ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၆၉၅'x၈'x၆")** | ၁ | √ | | | | |
| ၂ | **ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း (၃၀'x၄၀')** | ၂ | | √ | | | |
| ၃ | **ကျီနီချောင်-အိုးဝရွာချင်းဆက်လမ်းခင်းခြင်း (၁မိုင်၂ဖာလုံ)BoxCulvert(၁)စင်း တည်ဆောက် ခြင်း** | ၂ | | √ | | | |
| ၄ | **သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း (၆၅၀' x၅')** | ၃ | | | √ | √ | √ |
| ၅ | **ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း** | ၃ | | | √ | √ | √ |
| ၆ | **မူလတန်းကျောင်းဆောင်ပြုပြင်မွမ်းမံခြင်း (၃၀'x၁၂၀')** | ၄ | | | | √ | √ |
| ၇ | **အမှိုက်ကန်တည်ဆောက်ခြင်း** | ၄ | | | | √ | √ |
| ၈ | **သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း (၇၆၀' x၅')** | ၄ | | | | √ | √ |
| ၉ | **သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း (၁၀၅၀' x၅')** | ၅ | | | | √ | √ |
| ၁၀ | **၃ခန်းတွဲယင်လုံအိမ်သာတည်ဆောက်ခြင်း** | ၅ | | | | √ | √ |

(၁၁) အိုးဝကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

| စဉ် | စီမံချက်အမည် | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | **ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၆၉၅'x၈'x၆")** | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅၀ | ၁ |
| ၂ | **ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း (၃၀'x၄၀')** | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉ | ၄၉ | ၂ |
| ၃ | **ကျီနီချောင်-အိုးဝရွာချင်းဆက်လမ်းခင်းခြင်း (၁မိုင်၂ဖာလုံ)BoxCulvert(၁)စင်း တည်ဆောက် ခြင်း** | ၈ | ၁၀ | ၁၀ | ၈ | ၁၀ | ၄၅ | ၃ |
| ၄ | **သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း (၆၅၀' x၅')** | ၈ | ၈ | ၈ | ၈ | ၈ | ၄၀ | ၄ |
| ၅ | **ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း** | ၇ | ၇ | ၇ | ၇ | ၇ | ၃၅ | ၅ |
| ၆ | **မူလတန်းကျောင်းဆောင်ပြုပြင်မွမ်းမံခြင်း (၃၀'x၁၂၀')** | ၆ | ၆ | ၆ | ၆ | ၆ | ၃၀ | ၆ |
| ၇ | **အမှိုက်ကန်တည်ဆောက်ခြင်း** | ၅ | ၅ | ၅ | ၅ | ၅ | ၂၅ | ၇ |
| ၈ | **သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း (၇၆၀' x၅')** | ၅ | ၅ | ၅ | ၄ | ၄ | ၂၃ | ၈ |
| ၉ | **သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း (၁၀၅၀' x၅')** | ၄ | ၃ | ၄ | ၃ | ၃ | ၁၇ | ၉ |
| ၁၀ | **၃ခန်းတွဲယင်လုံအိမ်သာတည်ဆောက်ခြင်း** | ၄ | ၃ | ၃ | ၃ | ၃ | ၁၆ | ၁၀ |

(၁၂) အိုးဝကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | **ဦးမင်းနိုင်** | **ဦးထွန်းကြည်** | **၁၂/ခရန(နိုင်)၁၁၁၁၆၈** | ဥက္ကဋ္ဌ | |
| ၂ | **ဦးဇေယျာအောင်** | **ဦးမြင့်ဆွေ** | **၁၂/ခရန(နိုင်)၁၁၁၁၂၃** | **အတွင်းရေးမှူး** | |
| ၃ | ဦးအောင်မြင့် | **ဦးစန်းဝင်း** | **၁၂/ခရန(နိုင်)၁၅၆၄၆၀** | **ဘဏ္ဍာရေးမှူး** | |
| ၄ | ဦးကျော်ကိုဆန်း | ဦးမြင့်ကြည် | **၁၂/ခရန(နိုင်)၁၂၁၈၆၀** | **အဖွဲ့ဝင်** | |
| ၅ | ဒေါ်နွယ်နီခိုင် | **ဦးတင်သိန်း** | **၁၂/ခရန(နိုင်)၁၅၅၉၇၉** | **အဖွဲ့ဝင်** | |
| ၆ | **ဒေါ်ဇင်နွယ်အောင်** | **ဦးအောင်သန်း** | **၁၂/ခရန(နိုင်)၁၃၅၇၇၅** | **အဖွဲ့ဝင်** | |
| ၇ | ဒေါ်ရည်မွန်သိန်း | **ဦးသိန်းဇံ** | **၁၂/ခရန(နိုင်)၁၆၇၆၅၃** | **စာရင်းကိုင်** | |

အိုးဝကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | **ဦးဇေယျာအောင်** | **ဦးမြင့်ဆွေ** | **၁၂/ခရန(နိုင်)၁၁၁၁၂၃** | အတွင်းရေးမှူး | |
| ၂ | ဦးအောင်မြင့် | **ဦးစန်းဝင်း** | **၁၂/ခရန(နိုင်)၁၅၆၄၆၀** | ဘဏ္ဍာရေးမှူး | |
| ၃ | ဒေါ်ရည်မွန်သိန်း | **ဦးသိန်းဇံ** | **၁၂/ခရန(နိုင်)၁၆၇၆၅၃** | စာရင်းကိုင် | |

## စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )

| | |
|---|---|
| ကျေးရွာ | – အိုးဝ |
| ကျေးရွာအုပ်စု | – ကျိုနီချောင် |
| မြို့နယ် | – ခရမ်း |
| တိုင်းဒေသကြီး / ပြည်နယ် | – ရန်ကုန် |

စီမံချက်အမည် – ကျေးရွာတွင်းမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ➢ ရွာတွင်းလမ်းမြေသားလမ်းဖြစ်နေခြင်းကြောင့် ရာသီမရွေးသွားလာရန်အခက်အခဲရှိခြင်း

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

- ➢ ကျေးရွာလူထုအနေဖြင့် ရာသီမရွေးသွားလာရလွယ်ကူစေရန်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ အခက်အခဲမရှိ သွားလာနိုင်စေရန်ဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)

- ➢ ကျေးရွာသူ/သားများ သွားရေးလာရေးလွယ်ကူစေရန်။
- ➢ ကျေးလက်နေပြည်သူများ ပိုမိုဖွံ့ဖြိုးလာစေရန်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)

- ➢ ကျေးရွာတွင်းလမ်း(၆၉၅'x၈'x၆")ကွန်ကရစ်လမ်းခင်းခြင်း

ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၅၀၀၀၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • ၅၀၀၀၀၀၀(ငွေသား) | • ကျေးရွာ |
| • | • |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၇၂၇ | ၈၃၂ | ၁၅၅၉ | ၂၀ | ၆၅ | ၂၁၀ | ၇ | ၃၀၂ |
| **အကျိုးခံစားမည့်ဦးရေ** | ၇၂၇ | ၈၃၂ | ၁၅၅၉ | ၂၀ | ၆၅ | ၂၁၀ | ၇ | ၃၀၂ |
| မှတ်ချက်။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာဝယ်ယူရေးကော်မတီ
- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ

(၂) စီမံချက်စတင်မည့်အချိန် (ခန့်မှန်း) – ၂၀၂၅ ခုနှစ် ဇန်နဝါရီလ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ လ

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်

- အိုးဝကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ နာယကအဖြစ်ဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများမှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ငွေကြေးထည့်ဝင်၍ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူထည့်ဝင်ငွေများအနေဖြင့် ဥစ္စာဓနအဆင့်သတ်မှတ်ချက် များအလိုက်ကျေးရွာလူထု၏သဘောတူညီမှုဖြင့်ကောက်ခံသွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ မှဦးဆောင်၍ကျေးရွာသူ/သားအားလုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်အား စာရင်းပြုစု ခြင်း၊ ငွေကြေးရရှိမှုသုံးစွဲမှု အခြေအနေများအားကျေးရွာလုံးကျွတ် အစည်းအဝေးကျင်းပ၍ ရှင်းလင်းခြင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေးအနီးကပ် ကြီးကြပ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတိုးတက်မှုနှင့်ဆောင်ရွက်မှု အခြေအနေများကို အစီရင်ခံတင်ပြခြင်း၊အသုံးစရိတ်ပြေစာများ၊ အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်းထားရှိ ခြင်းနှင့်သက်ဆိုင်ရာဌာနများ၏ စာရင်း စစ်ဆေးမှုကို ခံယူမည်ဖြစ်ပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် မြို့နယ်ကျေးလက် ဦးစီးဌာန၏ နည်းပညာအကူအညီများကို ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **မသန်စွမ်းသူ အရေအတွက်** | |
|---|---|---|---|---|---|---|
| | | | | | **ကျား** | **မ** |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၆ | ၉ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၂၁ | ၃၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၈၁ | ၈၈ | ၁၆၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၆ | ၃၉ | ၈၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၂၀ | ၆၁၁ | ၁၁၃၁ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၉ | ၆၇ | ၁၂၆ | | |
| **စုစုပေါင်း** | | **၇၂၇** | **၈၃၂** | **၁၅၅၉** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၀၂** | | | | |

**လေ့လာတွေ့ရှိချက်။** ။ အိုးဝကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၅၂၀)၊ မ(၆၁၁)၊ စုစုပေါင်း(၁၁၃၁)ဦးရှိပါသည်။သက်ကြီးအရွယ်ကျား(၅၉)၊မ(၆၇) စုစုပေါင်း (၁၂၆) ဦးပြီး ကျေးရွာရှိ လူဦးရေ ၏ ၈ ရာခိုင်နှုန်း ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | | | | **အဓိက ဝင်ငွေရလုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင် သူ (ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစု ဝင်လုပ်အား** | **အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု** | **ဦးရေ** | | | |
| | | | | | **ကျား** | **မ** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၀ | ၁၉၆ | | | | | မြင့် ☐ လတ် ☐ ✓ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင် သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ ✓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၇၉ | ၁၀ | ၆၉ | ၁၀ | | မြင့်☐ လတ်☐✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐✓ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇ | ၂၈ | | ၂၀ | ၈ | | မြင့် ☐ လတ်☐ နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၈ | | | | | မြင့် ☐ လတ်☐ ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင် သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | ၃ | | | မြင့် ☐ ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၃၀ | | ၃၀ | | | မြင့် ☐ ☐ လတ်✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | ၂ | | | မြင့် ☐ ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | | ၅ | | | မြင့် ☐ ☐ လတ်✓ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေ ရလုပ်ငန်းမ ဟုတ် သော အခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ် ကိုင် သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | မိသား စု ဝင် လုပ် အား | အမျိုးသ မီးဦး ဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၃၅ | | ၁၅ | ၂၀ | | မြင့် ☐ ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင် သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ ☐ လတ်✔ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင် သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီးဦး ဆောင်သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၈ | ၁၈၂ | ၃၇ | | | | ☒ |
| | အလုပ်သမား / ကျွပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ ☐ လတ်✓ နိမ့် ☐ |
| | **စုစုပေါင်း** | ၃၀၂ | ၄၈၅ | | | | | ☒ |

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ကိုယ်ပိုင်လုပ်ငန်းဖြင့် လယ်ယာလုပ်ငန်းကိုအိမ်ထောင်စု (၆၀) လုပ်ကိုင်၍ မိသားစုဝင် လုပ်အား(၁၉၆)ဦးရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၄၀)ရှိပြီးမိသားစုဝင်လုပ်အား (၇၉)ဦးရှိပြီးကိုယ်ပိုင်ရေလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု(၇)စုမှာ မိသားစုဝင်လုပ်အား(၂၈)ဦးရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၁၀)စုရှိပါသည်။ ဆောက်လုပ်ရေးပန်းရံ၊လက်သမားလုပ်ငန်းကိုလုပ်ကိုင်သောအိမ်ထောင်စု(၃)စုရှိပြီးကျပန်းအလုပ် သမားဖြင့်(၃၀)ဦးလုပ်ကိုင်ကြပါသည်။အရောင်းအဝယ်လုပ် ငန်းကိုလည်းအနည်းငယ် လုပ်ကိုင်ကြ ပြီး ပြင်ပကျပန်းအလုပ်လုပ်ကိုင်သူများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၈၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၅၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၃၀၀၀၀ | | ၂၀၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါ သည်။**လယ်ယာစိုက်ပျိုးရေး၌ အလုပ်သမားများ ငှားရမ်းအသုံးပြုရပါသည်။** အမျိုးသားများ၏ အများဆုံး လုပ်အားခမှာ ၁၈၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ၁၅၀၀၀ ကျပ်ဖြစ်ပါသည်။ လက်သမားပန်းရံလုပ်ကိုင်သူအမျိုးသားတစ်ဦးအများဆုံး (၂၅၀၀၀)ကျပဖြစ်ပြီးအနည်းဆုံး(၁၅၀၀၀)ကျပ်ရရှိ**ကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၇၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၇၅၀** | ☒ |

**လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာအတွင်းရှိ လူအများစုသည် တောင်သူများ ဖြစ်ကြသည်။ လယ်မြေ ဧကပေါင်း(၁၇၅၀)ဧကကျော်ခန့်ရှိပြီး မြေဆီလွှာအရည်အသွေးသည် အသင့်အတင့်သာရှိသည်ဟု လေ့လာတွေ့ရှိ ရပါသည်။**

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင် ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ ▫ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☐ နည်း ✓ မရှိ ☐ | လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |

**လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းတွက်ပစ္စည်းများမရှိပါ။ သဘာဝ အပင်မျိုးစိတ်များ အနည်းငယ်သာရှိပါသည်။ သဘာဝတိရိစ္ဆာန်များလည်း သင့်တင့်မျှသာရှိပါသည်။ သဘာဝမြေအောက်ရေရရှိရေးအတွက် စက်ရေတွင်း နက်နှင့် ရေကန်များသာရှိပါသည်။**

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | အသင့်အတင့် | အသင့်အတင့် | များ | အသင့်အတင့် |
| အိမ်အခြေအနေ | အသင့်အတင့် | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | နည်း | နည်း | နည်း | နည်း |
| အဓိကစီးပွားရေးလုပ်ငန်း | လယ် | လယ် | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၆၅ | ၂၁၀ | ၇ |

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင် စုမှာ (၂၁၇)စု ဖြစ်ပြီးအလွန်မပြေလည်သောအိမ်ထောင်စုမှာ အိမ်ခြေ(၃၁၀) အိမ်တွင် ဆင်းရဲသော အိမ်ထောင်စုမှာ ရာခိုင်နှုန်းအရ ၂%ခန့် ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ လုပ်ငန်း ကိရိယာ မပြည့်စုံ ခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် အခက်အခဲ ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား=___________<br>အစာလျှော့စား =___________<br>အထောက်အပံ့ယူ =------------<br>ချေးယူ =<br>လုပ်အားခကြိုယူ = |
